# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

# ပဥ္စမနေ့အစီအစဉ်

# [ ၂၂–၁–၂၀၁၃ ] (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဥ္စမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၏ **သစ်တောကြိုးဝိုင်း မသတ်မှတ်မီ ရေးနှစ်ပေါင်းများစွာ ကတည်းက တည်ရှိပြီးဖြစ်သော ကျေးရွာများ၊ လုပ်ကွင်းလုပ်ကွက်များကို သစ်တောဥပဒေ စည်းကမ်း အရ ဖြေလျှော့မှုပြုနိုင်/မပြုနိုင်** နှင့်စပ်လျဉ်းသည့်မေးခွန်း။

( ခ ) ဦးကျော်ညွန့်၊ ကျွန်းလှ မဲဆန္ဒနယ်၏ **ကျွန်းလှမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု (၉)အုပ်စုနှင့် စိုက်ပျိုးမြေဧရိယာများသည် သစ်ရာပင်ကြိုးဝိုင်းနှင့် သိုက်ထင်းကြိုးဝိုင်းအတွင်းရှိနေသဖြင့် ကျေးရွာအုပ်စုပိုင် မြေနှင့်လယ်ယာမြေအဖြစ် ပြောင်းလဲပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ နှင့် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးနိုင်မည်ကို သိလိုသည်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဂ) ဦးစိုင်းငေါင်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **မောက်မယ်မြို့နယ် ၂၅ ခုတင်ဆံ့ဆေးရုံ၏ ဆေးရုံဝန်ထမ်းအင်အား ခန့်ထားခြင်း** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဃ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **တိုင်းရင်းဆေးပညာ ဦးစီးဌာန ရာထူးများတွင် တိုင်းရင်းဆေးပညာရှင်များကို ခန့်အပ်တာဝန်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် နိုင်ငံခြား ပညာတော်သင်များ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ လေ့လာရေးခရီးများစေလွှတ်ရာတွင် တိုင်းရင်းဆေးဆရာများအား ဦးစားပေးစေလွှတ်သည့်မှု ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးခွန်မောင်သောင်း၊ ပင်လောင်း မဲဆန္ဒနယ်၏ **ပင်လောင်းမြို့နယ်၊ လုံပျဉ်ကျေးရွာ အုပ်စု ဆောင်ပြောင်း အ.ထ.က ကျောင်းခွဲကို အ.ထ.က ကျောင်းအဖြစ် ၂၀၁၃–၁၄ ဘဏ္ဍာရေးနှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(စ) ဦးထန်းလိန်း၊ မင်းတပ် မဲဆန္ဒနယ်၏ **အခြေခံပညာအဆင့်တွင် အားကစားကို စွမ်းရည်တစ်ရပ် (ဘာသာရပ်တစ်ခု) အဖြစ် သတ်မှတ်ကျင့်သုံးဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဆ) ဦးဇော်ထွန်း၊ လပွတ္တာ မဲဆန္ဒနယ်၏ **ပညာရေးကောလိပ် သင်တန်းဆင်းလက်ရှိဘွဲ့ရ အထွေထွေကျောင်းလုပ်သားများ မူလတန်း၌ သင်ကြားရေးတာဝန်ယူထားရသော ဆရာ/ဆရာမများအဖြစ် ရာထူးတိုးမြှင့်တာဝန်ပေးနိုင်ပါရန်** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ဇ) ဦးသန်းစိုး၊ သာစည် မဲဆန္ဒနယ်၏ **သာစည်မြို့နယ်၊ ညောင်ရမ်း–မင်းလှကန်၏ အထက်မှာရှိသော ညောင်တိုကွင်း၊ သမန်းကန်ကွင်း၊ ဇီးတောကွင်း၊ ကြက်မောက်ကွင်း၊ သာစည်လေးကျောင်းရွာကွင်းများအတွင်းရှိ လယ်မြေများ စိုက်ပျိုးရေ ရရှိရေးအတွက် မူလလျာထားသတ်မှတ်ခဲ့သော ရဲဘော်ဆည်နေရာတွင် ဆည်ပြန်လည်တည်ဆောက်ပေးနိုင်ရေး အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးသန်းဝင်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **မိုးစပါးသီးနှံဈေးငွေ အပေါ် အတိုးဆပ်၍ အရင်းငွေအား တစ်နှစ်ဆိုင်းငံ့ပေးရန် အစီအစဉ် ရှိ/မရှိနှင့် အတိုးအရင်း စုစုပေါင်းအပေါ်မှ(၅၀%)အား ပေးဆပ်ပြီး ကျန်(၅၀%)အား တစ်နှစ်ဆိုင်းငံ့ပေးရန် အစီအစဉ်ရှိ/မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်၏ **လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ် စာအုပ်ရိုက်နှိပ်ထုတ်ဝေပေးရန် မည်မျှအချိန်ယူရပါမည်နည်းနှင့် အစိုးရ၏ ပုံနှိပ်တိုက်မှ ကြာမည်ဆိုလျှင် ပြင်ပပုံနှိပ်တိုက်များတွင် အပ်နှံဆောင်ရွက်ရန် ရှိ/မရှိနှင့် အဆိုပါမှတ်တမ်းများအား မည်သည့် အချိန်တွင် တောင်သူလယ်သမားများလက်သို့ ပေးအပ်နိုင်ပါမည်နည်း** နှင့် စပ်လျဉ်းသည့်မေးခွန်း။

၆။ ဦးအောင်ဇင်၊ ပုဗ္ဗန်တောင် မဲဆန္ဒနယ်က **" နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်များ၊ ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စု စာရင်းစစ်ချုပ်တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော် ကိုယ်စားလှယ် များက စွပ်စွဲပြစ်တင်ခြင်းနှင့်စပ်လျဉ်း၍ ကျင့်သုံးရမည့် စုံစမ်းစစ်ဆေးရေး ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို သတ်မှတ်ထားသင့်ပါကြောင်း ပြည်ထောင်စုလွှတ်တော်သို့ တိုက်တွန်းသည့် "** အဆို တင်သွင်းခြင်း။

၇။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ အစည်းအဝေးတတိယနေ့တွင် တင်ပြခဲ့သော ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဖေသန်း၊ မြေပုံ မဲဆန္ဒနယ်။

(ခ) ဦး-------------၊ ---------- မဲဆန္ဒနယ်။

၉။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆိုတင်သွင်းခြင်း နှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၁၀။ **"ရာဇသတ်ကြီး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်က တင်သွင်းခြင်း။

၁၁။ **"ရာဇသတ်ကြီး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီက ဖတ်ကြား ရှင်းလင်းခြင်း။

၁၂။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက **"ရာဇသတ်ကြီး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လွှတ်တော်က ဆွေးနွေးစဉ်စားရန်ဖြစ်ကြောင်းနှင့် ဥပဒေကြမ်းကို ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး ပဉ္စမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဆဋ္ဌမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။